# **အသိပေးကြေညာချက် ( ၁၃ /၂၀၂၄ )**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ၏ ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်ရေးဆောင်ရွက်ရာတွင် ဖြေလျှော့ပေးသည့် အနေဖြင့် ၃-၄-၂၀၂၂ ရက်နေ့မှ ၇-၈-၂၀၂၄ ရက်နေ့အထိ တင်ပို့ခဲ့သည့် ED များအတွက် အထူးအစီအမံအနေဖြင့် ၈-၈-၂၀၂၄ ရက်နေ့မှ ၃၀-၁၁-၂၀၂၄ ရက်နေ့အတွင်း ပြန်လည်ပေးသွင်းသည့် ပို့ကုန်လုပ်ငန်းရှင် Exporter များအား ၂၅%-၇၅% အချိုးဖြင့် ခံစားခွင့်ပြုမည်ဖြစ်ပါကြောင်း၊ ၎င်းကာလအတွင်း ပြန်လည်ဝင်ရောက် ပေးသွင်းခြင်းမရှိပါက ယခင်ပို့ကုန် ဆောင်ရွက်ခဲ့သော နှစ်များအလိုက် သတ်မှတ်ထားခဲ့သော ရာခိုင်နှုန်း (%) အချိုးများအတိုင်းသာ ပြန်လည်ဝင်ရောက်ပေးသွင်းရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် Export Earning ပြန်လည်ဝင်ရောက်ပေးသွင်းခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပါသည်။

၂။ ယခုအခါ ပို့ကုန်လုပ်ငန်းရှင် Exporter များအနေဖြင့် အမေရိကန်ဒေါ်လာနှင့်ယူရို လွှဲပြောင်းမှုကန့်သတ်ချက်များရှိကြောင်း သိရှိရသဖြင့် ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ပေးသွင်းမှုကို အမေရိကန်ဒေါ်လာနှင့် ယူရိုတို့ဖြင့်သာမက တရုတ်ယွမ်၊ ထိုင်းဘတ်၊ အိန္ဒိယရူပီးတို့ဖြင့် လက်ခံဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ပို့ကုန်ရငွေ ၂၅%-၇၅% အချိုးဖြင့် ပြန်လည်ဝင်ရောက်ပေးသွင်းမှု ခွင့်ပြုကာလအား ၃၁-၁၂-၂၀၂၄ ရက်နေ့အထိ နောက်ဆုံးအကြိမ်အဖြစ် သက်တမ်းတိုးမြှင့် ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**